# အခမဲ့ အိမ်တွင်း

# COVID-19 စစ်ဆေးမှု ရနိုင်ပါသည်

**Austin အများပြည်သူ ကျန်းမာရေးသည် စစ်ဆေးရေးနေရာသို့ လာရောက်ရန် နေအိမ်မှ ထွက်ခွာမရနိုင်သူများအတွက် စစ်ဆေးမှု ဆောင်ရွက်ပေးနေပါသည်။ အိမ်တွင်းစစ်ဆေးမှုကို စီစဉ်ရန် 512-972-5560 သို့ ဖုန်းခေါ်ဆိုပါ။ စစ်ဆေးမှုမှာ အခမဲ့ ဖြစ်သည်။ သင်၏ရွှေ့ပြောင်းနေထိုင်မှု အခြေနေနှင့် ပတ်သက်၍ မေးမြန်းခံရမည်မဟုတ်ပါ။**

## ဘယ်လို ရက်ချိန်းယူရမလဲ။

- Austin အများပြည်သူ ကျန်းမာရေးထံ ဖုန်းခေါ်ဆိုပါ သူနာပြုဟော့လိုင်း ဖုန်း 512-972-5560။ အင်္ဂလိပ်အတွက် 1၊ စပိန်အတွက် 2၊ ဗီယက်နမ်နှင့် အခြား ဘာသာစကားများအတွက် 3 ကို နှိပ်ပါ။
- ဟော့လိုင်း နာရီများ- တနင်္လာ - သောကြာ၊ နံနက် 8 နာရီ - ည 6 နာရီနှင့် စနေနေ့တွင် နံနက် 9 နာရီ -နေ့လယ် 1 နာရီ။
- လူနာသတင်းအချက်အလက်ကို လျှို့ဝှက်ထားပါသည်။ ရွှေ့ပြောင်းနေထိုင်မှု အခြေနေနှင့် ပတ်သက်၍ မေးမြန်းခံရမည် မဟုတ်ပါ။

## အိမ်တွင်စစ်ဆေးခြင်းကို ဘယ်သူတွေ ရယူရမှာလဲ။

- သွားလာရေး အခက်အခဲရှိသူများ၊ ရောဂါအခံရှိသူများ သို့မဟုတ် Austin-Travis ကောင်တီ နယ်မြေတွင်း စီးရန် မော်တော်ယာဉ် မရှိသူများ

## အဘယ်ကြောင့် အိမ်တွင် စစ်ဆေးမှု ခံယူသင့်ပါသလဲ။

- နေအိမ်မှ ထွက်ခွာမရနိုင်အောင် ဖျားနေပါက သို့မဟုတ် အားနည်းနေပါက
- ဖျားနေနိုင်သည့် အခြားလူများနှင့် သင်၏ ထိတွေ့မှုများကို ကန့်သတ်ရန် လိုအပ်ပါက
- စစ်ဆေးမှုနေရာသို့ သွားရောက်ရန် မတတ်နိုင်ပါက

## စစ်ဆေးမှု ဆောင်ရွက်ပေးရန် ဘယ်သူက ရောက်လာမှာလဲ။

- Austin အများပြည်သူ ကျန်းမာရေး ဆေးခန်းဝန်ထမ်းသည် စစ်ဆေးမှုကို ဆောင်ရွက်ရန် သဘောတူထားသော ရက်စွဲနှင့် ဖွင့်လှစ်ချိန်တွင် သင့်အိမ်သို့ လာရောက်ပါမည်။

## စစ်ဆေးမှု ရလဒ်များ မရမချင်း ဘာလုပ်ရမလဲ။

- ဆေးဘက်ဆိုင်ရာ ကုသမှု ခံယူရန်မှလွဲ၍ အိမ်မှာနေပါရန် အကြံပြုပါသည်။ ထိုသို့ပြုလုပ်ခြင်းက COVID-19 ကူးစက်မှုနိုင်ခြေကို ရပ်တန့်စေပြီး သင့်ကျန်းမာရေးကို ကာကွယ်ပေးပါသည်။
- အခြားအိမ်ထောင်စုဝင်များနှင့် အတတ်နိုင်ဆုံး ခွာနေပါ။ မျှဝေသုံးပစ္စည်းအားလုံကို သန့်ရှင်းပြီး ပိုးသတ်ပေးပါ။
- အိမ်အပြင်ထွက်ရမည်ဆိုပါက မျက်နှာအကာအကွယ်ကို ဝတ်ဆင်ပါ။

*ချိန်းဆိုမှုများကို လက်ရှိတွင် ကန့်သတ်ထားသည်။ ပရိုဂရမ် တိုးတက်လာသည်နှင့် အခြား ချိန်းဆိုမှုများ ရနိုင်ပါမည်။*